# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 25, 2024 | Volume 80, Number 18


၂၅.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၀၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်း မြေပဲနှင့်မြေပဲဆီဈေး အမြင့်ဈေးတွင်ရှိနေ



ပြည်တွင်းမြေပဲနှင့် မြေပဲဆီဈေးကွက်သည် အမြင့်ဈေးတွင်ရှိနေပြီး မန္တလေးဈေးကွက်တွင်သာ လက်ကျန်ပစ္စည်းရှိတော့ရာ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ အထိ ပေါက်ဈေး ရှိလာသည်။

အဓိက မြေပဲလက်ကျန်နည်းပါးလာခြင်း ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအားကောင်းနေခြင်းကြောင့် မြေပဲဆန်မှာ အမြင့်ဈေးတွင်ရှိနေခြင်း ဖြစ်သည်။

"ဧပြီလဆန်းပိုင်းက ထွက်ရှိထားသည့် မြေပဲများနှင့်ကျွန်းမြေပဲများ လက်ကျန်နည်းပါးလာပါပြီ။ တချို့လည်း မရောင်းသေးဘဲ မြေပဲအတောင့်လိုက် လှောင်ထားသူတွေကတော့ အခုချိန် အကျိုးအမြတ်များပါတယ်။ မြေပဲ ပေါ်ပေါ်ချင်းရောင်းတဲ့ တောင်သူတွေကလည်း ဈေးကောင်းရခဲ့ပါတယ်" ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ဇူလိုင် ၂၄ ရက် မန္တလေးဈေးကွက်တွင် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀-၈၅၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀-၁၈၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၀၇၀ ပေါက်ဈေးရှိနေသည်။

မြေပဲဆန်ဈေးမြင့်တက်မှုနဲ့အတူ မြေပဲဆီဈေးကလည်း အရင်က တစ်ပိဿာလျှင် ငွေကျပ် ၁၅,၀၀၀ ခန့်သာ ပေါက်ဈေးရှိရာမှ ယခုအခါ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၇,၀၀၀ ထိ မြင့်တက်လာသည်။

မြေပဲဆန်ကို ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ လက်ရှိအချိန်တွင် ပြည်တွင်း ဆီလိုအပ်ချက်မြင့်မားနေတာကြောင့် မြေပဲကို တိုးမြှင့်စိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိသဿချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍သိရသည်။ ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးကြင်းပိဿာချိန် ၇၆,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးကြင်းပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလဲ ကောင်းနေပါတယ်။ ရောင်းလို့ဝယ်လို့အဆင်ပြေပါတယ်။ ဒီဘက်ပွဲရုံတွေကို ငါးကြင်းအဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က ဒေသငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းတင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ဇွန်လပထမပတ်လောက်ကတည်းက စတင်ဝယ်ယူမှုကောင်းခဲ့တာ။ အခြားငါးတွေလဲ ဝယ်ယူမှုအားကောင်းလာတယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးဝယ်ယူမှု အားကောင်းလာ ပေမဲ့ ဈေးကတော့ မတက်သေးပါဘူး" ဟု ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးအပြင် ရန်ကုန်မြို့ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းနိုင်ငံရှိ လျှပ်စစ်မော်တော်ကားထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများအား ထိုင်းပြည်တွင်းထုတ် မော်တော်ကားအစိတ်အပိုင်းများကို အသုံးပြုရန် စက်မှုဝန်ကြီးဌာနက တောင်းဆိုခဲ့ခြင်း

ထိုင်းနိုင်ငံရှိ မော်တော်ကား ထောက်ပံ့မှုကွင်းဆက်ကို အထောက်အကူပြုရန်အလို့ငှာ မော်တော် ကားအစိတ်အပိုင်းများ၏ ၄၀ ရာခိုင်နှုန်းကို ပြည်တွင်းထုတ် အစိတ်အပိုင်းများအား အသုံးပြုပေးရန် လျှပ်စစ်မော်တော်ကားထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများအား စက်မှုဝန်ကြီးဌာနက တောင်းဆိုခဲ့ကြောင်း သိရသည်။

အမြင့်ဆုံးအနေဖြင့် သတ်မှတ်ထားသည့် ၄၀ ရာခိုင်နှုန်းကို ဝယ်ယူသွားမည်ဖြစ်ကြောင်း GAC Aio က ကတိပြုပြီးဖြစ်ပါကြောင်း၊ အတွင်းလောင်ကျွမ်းအင်ဂျင်ဒီဇိုင်းများနှင့် အကျွမ်းတဝင်ရှိသော ထိုင်းမော်တော်ကား အစိတ်အပိုင်းထုတ်လုပ်သူများသည် မော်တော်ကားထုတ်လုပ်သူများ၏ ထောက်ပံ့မှုလိုအပ်နေသေးပါကြောင်း၊ ထိုင်းနိုင်ငံထုတ် မော်တော်ကားအစိတ်အပိုင်းများကို အသုံးပြုပေးရန် GAC အပါအဝင် တရုတ်မော်တော်ကား ထုတ်လုပ်သူများနှင့် ဆွေးနွေးထားပါကြောင်း၊ ထိုင်းမော်တော်ကားစက်မှု ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မော်တော်ကား နည်းပညာများမျှဝေပေးရန် ဆွေးနွေးထားပြီးဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနဝန်ကြီး H.E Ms. Pimphattra Wichaikul က ပြောကြားခဲ့သည်။

လျှပ်စစ်မော်တော်ကားထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများသည် ၎င်းတို့ မော်တော်ကားများအတွက် လိုအပ်သော အစိတ်အပိုင်းများကို တရုတ်ထုတ်လုပ်သူများထံမှဝယ်ယူ၍ ကိုယ်ပိုင်ထောက်ပံ့မှုကွင်းဆက် ဖန်တီးလာမည်ကို စိုးရိမ်သောကြောင့် ပြည်တွင်းမော်တော်ကားအစိတ်အပိုင်း ထုတ်လုပ်သူများကို ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် ပြောင်းလဲလာသည့် နည်းပညာများကို လျင်လျင်မြန်မြန်လက်ခံစေလိုကြောင်း၊ ပြည်တွင်းထုတ် မော်တော်ကားအစိတ်အပိုင်းများ အသုံးပြုရေးကို တရုတ်ကုမ္ပဏီ တော်တော်များများက လက်ခံကြပါကြောင်း၊ Chan gan

Automobile က ထိုင်းနိုင်ငံတွင် ဘတ် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပြည်တွင်းမှ ပါဝင်ပစ္စည်းကို ၆၀ ရာခိုင်နှုန်းထိ သုံးစွဲသွားရန်နှင့် အနာဂတ်တွင် ၉၀ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားမည်ဟု ကတိပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Narit Therdsteer-asukd က ဖြည့်စွက်ပြောကြားသည်။

Neta က မော်တော်ကား အစိတ်အပိုင်းများ၏ ၆၀ ရာခိုင်နှုန်းကို ထိုင်းအခြေစိုက် ကုမ္ပဏီ ၁၆ ခုမှ ဝယ်ယူသွားမည် ဖြစ်ပြီး ကာလရှည်တွင် ၈၅ ရာခိုင်နှုန်းထိ တိုးမြှင့်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ Great Wall Motor က ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း ကြား ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့အနေဖြင့် လျှပ်စစ်မော်တော်ကား စက်မှုတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ မက်လုံးပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နေခြင်းကြောင့် အတွင်းပိုင်း လောင်ကျွမ်းအင်ဂျင်ထုတ်လုပ်သူများကို ချန်ထားခဲ့ခြင်းမဟုတ်ကြောင်း၊ အစိုးရအနေဖြင့် အတွင်းပိုင်းလောင်ကျွမ်းအင်ဂျင် ထုတ်လုပ်သူများ၊ နှစ်မျိုးသုံး လျှပ်စစ်မော်တော်ကား ထုတ်လုပ်သူများနှင့် ပလပ်ပေါက်ထိုး နှစ်မျိုးသုံး လျှပ်စစ်မော်တော်ကား ထုတ်လုပ်သူများကဲ့သို့သော ထိုင်းနိုင်ငံအတွင်းရှိ ထုတ်လုပ်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီး H.E Ms. Pimphattra က ဖြည့်စွက် ပြောကြားခဲ့သည်။

**Source:** [www.bangkokpost.com](www.bangkokpost.com)

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့တွင် **EWEC International Trade, Tourism and Investment Fair (Da Nang 2024)** ပြပွဲ ကျင်းပပြုလုပ်မည်

ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့တွင် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်မှ ၇ ရက်ထိ EWEC International Trade, Tourism and Investment Fair (Da Nang 2024) ပြပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို အာဆီယံနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် မြန်မာကိုယ်စားလှယ်များအတွက် ပြခန်း ၂ ခန်းအား အခမဲ့စီစဉ်ပေးမည်ဖြစ်သည်။

EWEC International Trade, Tourism and Investment Fair (Da Nang 2024) ပြပွဲဆိုင်ရာ အသေးစိတ် အချက်အလက် များအား Website: www.itpc.danang.gov.vn တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com တို့သို့လည်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရသည်။

**Source:** https://myantrade.gov.mm/

## အင်ဒိုနီးရှားနိုင်ငံသည် အဝတ်အထည်နှင့် ကြွေထည်ပစ္စည်းများအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအထိ စည်းကြပ်ကောက်ခံမည်

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းစက်မှုလုပ်ငန်းများကို ကာကွယ်ရန်ဖိနပ်မှစ၍ ကြွေထည်ပစ္စည်းများအထိ သွင်းကုန်များ အပေါ် ၁၀၀ ရာခိုင်နှုန်းမှ ၂၀၀ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ အရှေ့တောင်အာရှ၏ ထိပ်တန်းစီးပွားရေးနိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် စားသောက်ကုန်မှစ၍ လျှပ်စစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများအထိ သွင်းကုန်အမည် ၃၀၀၀ ကျော်အပေါ် စောင့်ကြည့်ရန်နှင့်တင်းကြပ်ရန် စည်းမျဉ်းတစ်ခု ပြီးခဲ့သည့်နှစ်နှောင်းပိုင်းက ထုတ်ပြန်ခဲ့သည်။ သို့သော် ပြည်တွင်းစက်မှုလုပ်ငန်းများက အဆိုပါစည်းမျဉ်းကြောင့် လိုအပ်သော သွင်းကုန်များ တင်သွင်းမှုကို အဟန့်အတားဖြစ်စေကြောင်း ပြောကြားခဲ့သဖြင့် ပြန်လည်ဖြေလျော့ခဲ့ရသည်။

ဖိနပ်၊ အဝတ်အထည်၊ အထည်အလိပ်၊ အလှကုန်နှင့် ကြွေထည်ပစ္စည်းများ တင်သွင်းမှုအပေါ် ကောက်ခံမည့် အခွန်နှုန်းများကို မကြာမီပြဋ္ဌာန်းတော့မည်ဖြစ်ကာ အင်ဒိုနီးရှား၊ ကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးကော်မတီက ချမှတ်သင့်သည့်

အကောက်ခွန်နှုန်းထားများကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အင်ဒိုနီးရှားစာရင်းအင်းဌာနအဆိုအရ အင်ဒိုနီးရှားသည် တရုတ်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ အဝတ်အထည်များနှင့် အဝတ်အစားအသုံးအဆောင်များကို အဓိကတင်သွင်းကြောင်း သိရသည်။

**Source:** https://https://asia.nikkei.com

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/

## STOCK EXCHANGE (25.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,024 (Shares) | 32,279,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +300 | +3.53% | 8,700 | 8,800 | 8,700 | 628 | 5,525,900 | 33,109,694 | 291,365 |
| MTSH | 00002 | 3,500 | -50 | -1.41% | 3,500 | 3,550 | 3,500 | 504 | 1,766,500 | 38,929,150 | 136,252 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,750 | +50 | +2.94% | 1,650 | 1,750 | 1,650 | 9,409 | 16,095,300 | 29,664,613 | 51,913 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,800 | 2,800 | 2,750 | 55 | 151,500 | 12,823,224 | 35,264 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,800 | 1,800 | 1,750 | 240 | 420,600 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,700 | 4,800 | 4,700 | 429 | 2,016,800 | 10,497,598 | 50,389 |
| MAEX | 00008 | 3,500 | -150 | -4.11% | 3,650 | 3,650 | 3,500 | 1,759 | 6,303,200 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 24th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.12 | +2.79 | +0.69% | 406.47 | 410.57 | 406.47 | 13,024 | 32,279,800 | 8 | 769,788 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Jul, 2024

| Trading Volume | Trading Value |
|---|---|
| 13,024 (Shares) | 32,279,800 (MMK) |

## Main Board

As of 1:00 pm, 24th Jul, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,024 (Shares) | 32,279,800 (MMK) |

| MYANPIX | 408.12 ▲ 2.79 |
|---|---|
| Total Volume (shares) | 13,024 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 769,788 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 300 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 50 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,500 | ▼ 150 |

TIR